# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





# မြန်မာ့အမွေအနှစ်၊ ကမ္ဘာ့အမွေအနှစ်

ပထမမြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုလုံးကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့က ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့သည်။ ဘုရားပုထိုးဂူကျောင်း ၃၈၀၀ ကျော် တည်ရှိနေဆဲဖြစ်သည့် ပုဂံဒေသတစ်ခုလုံးသည် ၂၀၁၄ ခုနှစ်တွင် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်းထောင်ချီ၍ သက်တမ်းကြာမြင့်နေပြီဖြစ်သည့် ပုဂံဒေသသည် မြန်မာနိုင်ငံ၏ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်များအရ အရေးပါသကဲ့သို့ပင် ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားခြင်းကြောင့် နိုင်ငံတကာစံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ကာကွယ်စောင့်ရှောက်ထားသည့် နေရာလည်းဖြစ်သည်။ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း တည်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများနှင့်အတူ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများလည်း ရှိနေပြီး ခေတ်အဆက်ဆက်ကပင် ခိုးယူ၊ ဖျက်ဆီးခံရမှုများကြောင့် ပျက်စီးပျောက်ဆုံးမှုများစွာရှိခဲ့သည့်အပြင် သဘာဝဘေးဒဏ်များကြောင့်လည်း ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့သည်။ မကြာသေးမီနှစ်များအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ငလျင်ဘေးဒဏ်နှင့် ရေကြီးရေလျှံမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်မှုမရှိစေရေး ရှေးဟောင်းကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြီးခဲ့သည့် မေလ ၂၅ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး "ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ အမြောက်အမြားရှိသည့်အတွက် ကြည့်ရှုလေ့လာသူများ၏ မဆင်မခြင်လုပ်ရပ်များနှင့် သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် မိမိတို့အနေဖြင့် တာဝန်ရှိကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း စိုက်ပျိုးမြေသုံးစွဲမှုအပါအဝင် အခြားမြေအသုံးချမှုများ စနစ်တကျရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး သတ်မှတ်ထားသည့် စည်းမျဉ်းဥပဒေများနှင့်အညီ ဖြစ်ရန်လိုကြောင်း" စသည်ဖြင့် မှာကြားခဲ့သည်။

ယခုအခါ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းရေကန်များနှင့် ရှေးခေတ်ရေစီးလမ်းကြောင်းများ ပြန်လည်ဖော်ထုတ် ပြုပြင်ထိန်းသိမ်းခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်း၍ ရှေးဟောင်းအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်း၊ ပုဂံဒေသအတွင်း ပြည်တွင်း ပြည်ပခရီးသွားများ လည်ပတ်ရာတွင် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လမ်းများကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ယဉ်ကျေးမှု၏ ခမ်းနားထည်ဝါသောဂုဏ်ဒြပ်ကို မျက်ဝါးထင်ထင်မြင်တွေ့နိုင်သည့်ပုဂံကို အနာဂတ်ကာလများသို့တိုင် ထာဝရတည်တံ့စေရေးအတွက် မြန်မာတစ်မျိုးသားလုံးက မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တာဝန်ရှိသည်။ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို မဆင်မခြင်လုပ်ရပ်များဖြင့် ဖျက်လိုဖျက်ဆီးမပြုရန်နှင့် မြင်တွေ့ပါကလည်း တားဆီးကြရန်လိုအပ်သည်။

ပုဂံသည် မြန်မာ့အမွေအနှစ်ဖြစ်သလို ကမ္ဘာ့အမွေအနှစ်လည်း ဖြစ်သည့်အလျောက် ပုဂံနှင့်ပတ်သက်သမျှ အပိုင်းအစကလေးတစ်ခုမျှသည်ပင် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိသည့်အားလျော်စွာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်သာမက မြန်မာတို့၏ နှလုံးသားဖြင့်ပါ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

## အနာဂတ်ကို မျှော်ကိုး၍

❊ ငါ့အိမ်ရှေ့တွင်
နှင်းဆီပင်တည့်။

❊ နှင်းဆီပင်မှာ
ဝေဆာပွင့်လန်း၊ နှင်းဆီပန်းတည့်။

❊ နှင်းဆီပင်အား
ပေါင်းများသုတ်သင်၊ ခက်လက်ထွင်၍
ရေစင်ပက်ဖျန်း၊ မညှိုးနွမ်းအောင်
ကြိုးပမ်းရက်ဆက်၊ ဝတ်မပျက်ခဲ့။

❊ ငါ့ကြိုးပမ်းမှု၊ အစုစုသည်
ယခုပွင့်လန်း၊ လှရည်ဆမ်းသော
ပန်းများတွက်ချည်း မဟုတ်ပါ။

❊ ယခုထက်ပင်
အလှဆင်ရန်၊ စိတ်ရည်သန်၍
မာန်နှင့် ဖွဲ့နှင့်၊ ချိန်မဖင့်ဘဲ
သင့်နိုးရာရာ၊ ဆောင်ရွက်ပါသည် . . . .
နောင်ခါပွင့်မည့် ပန်းများအတွက်။

ကို(တက္ကသိုလ်)

## သံလွင်မြစ်၊ ရွှေကျင်မြစ်နှင့် ဘီးလင်းမြစ် ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၅
ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်ခန့် (၃၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ လေးပေခွဲကျော်ခန့် (၁၄၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ)အောက် တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မွန်ပြည်နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စာပေနှင့်ယဉ်ကျေးမှုကော်မတီများ တွေ့ဆုံ

မော်လမြိုင် ဇူလိုင် ၂၅
မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး ဦးဆောင်၍ မွန်ပြည်နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာစာပေနှင့် ယဉ်ကျေးမှုကော်မတီများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက်တွင် မော်လမြိုင်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်အမှာစကားကို ပြောကြားပြီး စာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများက ရှင်းလင်းဖြေကြား၍ Grade 1,2,3 မွန်စာပေ ပြဋ္ဌာန်းစာအုပ်များကို မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)စည်သူ(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ မိုးရာသီသစ်ပင် စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေး အသိပညာပေးဟောပြော

အုတ်တွင်း ဇူလိုင် ၂၅
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း၊ ပြုစု၊ ထိန်းသိမ်းရေး အသိပညာပေးဟောပြောခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ယနေ့နံနက် ၈ နာရီခွဲက အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) ကြက်သွန်ခင်း -၂ ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောရာတွင် အုတ်တွင်းမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းသန်းထိုက်က ရာသီဥတု ပြောင်းလဲမှုများကြောင့် သစ်တောဂေဟစနစ်များ ပျက်စီးခြင်းများ၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စပါယ်အေးက အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနကို ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သစ်ပင်စိုက်ပျိုးခြင်းကို လက်တွေ့ သရုပ်ပြသပြီး မိုးရာသီသစ်ပင် စိုက်ပျိုးရာ ကံ့ကော် ၁၅ ပင်၊ ခရေပင် ၂၀၊ စိန်ပန်းကြီးပင် ၅၀၊ ပျဉ်းမပင် ၄၀ စုစုပေါင်း ပျိုးပင် ၁၂၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်၊မော်တော်ဆိုင်ကယ်နှင့် အားသွင်းစက်များ တင်သွင်းရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅
အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Midmay Group Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံထုတ် ARCFOX အမျိုးအစားလျှပ်စစ်သုံးယာဉ် အားသွင်းစက်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

❖ *ရွှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker ၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel ၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire ၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil ၊ ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya နှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey တို့ တက်ရောက်ကြသည်။

**တစ်ဦးချင်းရှင်းလင်းတင်ပြ**

ထိုသို့တွေ့ဆုံစဉ် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ

*စာမျက်နှာ ၄ သို့*

**❖ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံတွင်ကျင်းပမည့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုအခြေအနေများနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲ အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၃ မှ*

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့က ဘင်းမ်စတက်အဖွဲ့အစည်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ယင်းစိန်ခေါ်မှုများကို ပူးပေါင်းအဖြေရှာ၍ ဖြေရှင်းဆောင်ရွက်သွားရမည့် အခြေအနေများနှင့်ပတ်သက်၍ တစ်ဦးချင်း ရှင်းလင်းတင်ပြကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့သည် ဘင်းမ်စတက်အဖွဲ့အစည်း ပေါ်ပေါက်လာမှုအခြေအနေနှင့် ရည်ရွယ်ချက်များ၊ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

စာမျက်နှာ ၄ မှ

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ လူကုန်ကူးမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံတွင်ကျင်းပမည့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှု အခြေအနေများနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး






ရန်ကုန် ဇူလိုင် ၂၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သူ မစ္စတာ ငုယင်ဖုကျောက် ကွယ်လွန်ခြင်းအတွက် သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲ ၂ နာရီတွင် ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Mr. Ly Quoc Tuan၊ စစ်သံမှူး Mr. Dao Van Duy နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကွယ်လွန်ခဲ့ခြင်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်းသတင်းစကားအား နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

မစ္စတာ ငုယင်ဖုကျောက်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ၂၀၁၁ ခုနှစ်တွင်စတင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ လေ့လာ

နေပြည်တော် ဇူလိုင် ၂၅

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ထူးချွန်ဆုရ စစ်သည်များ၊ ကျောင်းသား ကျောင်းသူများကို ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ပြသထားမှုကို ရှင်းလင်းပြောကြားပြီး ထူးချွန်ဆုရစစ်သည်များနှင့် ကျောင်းသား ကျောင်းသူများသည် ပြတိုက်အတွင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ ထို့နောက် သူရဲကောင်းဗိမာန်သို့ သွားရောက် လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သောင်ရင်းမြစ်ရေ မြဝတီမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ တစ်လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၏ သား/သမီး၊ ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/ ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်ကြသည်။

**အားလုံးဝိုင်းဝန်းဆောင်ရွက်**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် လူမှုရေး ဦးတည်ချက်(၁)ရပ်ဖြစ်သည့် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"**အတွက် လိုအပ်သော နည်းပညာမြင့်မားတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝမှုတို့သည် ပညာရေးမြင့်မားခြင်းအပေါ်တွင် မူတည်ပါကြောင်း၊ ကျောင်းသား မိဘ ဝန်ထမ်းများအနေဖြင့် သားသမီးများကို ပညာအမွေ လက်ဆင့်ကမ်းကာ မိမိတို့ထက်သာလွန်သော နိုင်ငံ့သားကောင်း ရတနာများဖြစ်စေရေး ဆုံးမသွန်သင်ပေးရန်နှင့် ကောင်းမွေပေးရန်လိုကြောင်း၊ ထို့ပြင် **"စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာသင်ယူမှု"** သည်လည်း အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာ သင်ယူနိုင်စေရန် အခြေခံအကျဆုံး Infrastructure သည် စာကြည့်တိုက်များဖြစ်ပြီး **"စာမတတ်သူ ပပျောက်ရေး"** မှသည် **"စာမဖတ်သူ ပပျောက်ရေး"** ကိုလည်း စာဖတ်ရှိန်မြှင့်တင်၍ အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ခြောက်ဘာသာဂုဏ်ထူးရှင် မမေမြတ်နိုးခင် အား ပညာထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။

**ထူးချွန်ဆုများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင်၊ ဒုတိယဝန်ကြီးဗိုလ်ချုပ် တိုးရီက ခြောက်ဘာသာ ဂုဏ်ထူးရှင်၊ ငါးဘာသာ ဂုဏ်ထူးရှင်နှင့် ဒုတိယဝန်ကြီး၏ဇနီးက ငါးဘာသာ ဂုဏ်ထူးရှင်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ် (၂) နှင့် အရာရှိကြီးများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များကို လည်းကောင်း ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ချီးမြှင့်ထောက်ပံ့**

ယနေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား/သမီး၊ ကျောင်းသား/ကျောင်းသူများအနက်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၆၀၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၅၇ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၃၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၇၉၇ ဦးတို့ကို ဒုတိယအကြိမ် ပညာသင်စရိတ်အဖြစ် ချီးမြှင့်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သာယာဝတီခရိုင်အတွင်း ရေဘေးဖြစ်ပွားသည့်နေရာများအား သွားရောက်ကူညီထောက်ပံ့

**သာယာဝတီ ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း ရောဝတီမြစ်ရေလျှံမှု၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုနှင့် မြစ်မခမြစ်ရေကြီးမှုတို့ကြောင့် သာယာဝတီခရိုင်အတွင်း ရေဘေးဖြစ်ပွားသည့် နေရာများကို လိုအပ်သည်များ သွားရောက်ကူညီထောက်ပံ့ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ဖိုးကတိုး - ကညင်အောတာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေတားတာ တစ်လျှောက် ရေကင်းများချ၍ ကြံ့ခိုင်မှုကို အချိန်ပြည့်စစ်ဆေးရန်၊ ရေကျော်နိုင်သည့် တာအနိမ့်နေရာများတွင် သဲအိတ်များဖြင့် ယာယီမြှင့်တင်ခြင်းများ ဆောင်ရွက်ရန်နှင့် ရေလမ်းကြောင်း တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် လက်ပံတန်း - သာရဝေါ မဟာဗျူဟာလမ်း မိုင်တိုင်အမှတ်(၅/၁)နှင့် (၅/၂)ကြား ရေကျော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေပြန်လည်ကျဆင်းသွားပါက ချက်ချင်းပြန်လည်ပြုပြင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းလှမြို့နယ် ထန်းပင်ကုန်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသုံးကုန်များကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေဘေးသင့် ၉၆ ဦးအတွက် ဆန်ရိက္ခာဖိုး တစ်ပတ်စာအတွက် ငွေကျပ် ၂၀၁၆၀၀၊ နေအိမ်ကြိုတင်ပြောင်းရွှေ့စရိတ် ငွေကျပ် ၄၂၇၃၀၀ နှင့် ရေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအား သီးခြားထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းလှ - မိုးညိုကားလမ်းတစ်လျှောက် မြစ်ရေဝင်ရောက်မှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်သည့် မိုးစပါးစိုက်ဧကများအား ရေကျချိန်တွင် ပြန်လည်စိုက်ပျိုးနိုင်ရေး ပျိုးထောင်ခြင်းလုပ်ငန်း ကြိုတင်ဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သုံးဆယ်- ဖိုးခေါင်-စံရွှေးလမ်းပေါ်ရှိ တံတားအမှတ်(၁/၆)၊ (၁/၇)၊ (၂/၇)နှင့် (၃/၇) တို့တွင် မြစ်မခ မြစ်ရေကြီးမှုကြောင့် ရေတိုက်စားကာ တံတားကမ်းကပ်ခုံများ ထိခိုက်မှုမရှိစေရေး ကွင်းဆင်းကြည့်ရှုပြီး မြေနိမ့်ဒေသဖြစ်ခြင်း၊ ရေဝပ်ဧရိယာများပြားခြင်းနှင့် ရေစု ဝင်ရောက်မှုအရှိန်များပြားခြင်းတို့ကြောင့် တံတားကမ်းကပ်ခုံများ ထိခိုက်မှုမရှိစေရေး တုတ်ရိုက်ခြင်း၊ သဲအိတ်ကာခြင်းများ ဆောင်ရွက်ရေး ဖြည့်ဆည်းပေးခဲ့သည်။ ယင်းနောက် မြစ်မခမြစ်ရေဘေး ကာကွယ်ရေးတာဖြစ်များဖြစ်သည့် သရော်အိပ် လဟာတာနှင့် ကွမ်းခြံလေးဒူးတာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လူမှုရေးဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**


လူမှုရေးဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် လူမှုရေးဆိုင်ရာစာရင်းအင်းများ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်က ဝန်ကြီးဌာနအသီးသီး၏ လူမှုရေးဆိုင်ရာ စာရင်းဇယားများသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသဖြင့် တိတိကျကျ၊ မှန်မှန်ကန်ကန်ဖြင့် စာရင်းဇယားများ အချိန်မီ ပြီးစီးရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းအဖွဲ့ဝင်များက ဆောင်ရွက်ပေးကြရန် ပြောကြားသည်။ ဆက်လက်၍ လုပ်ငန်းအဖွဲ့ဝင်များက မိမိတို့ဦးစီးဌာနအသီးသီး၏ လူမှုရေးဆိုင်ရာ စာရင်းအင်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ တိုးတက်မှုအခြေအနေများအပေါ် အကြံပြုချက်များ၊ ဖြည့်စွက်ရန်အချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စာရင်းအင်းဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေးအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ အစည်းအဝေးသို့ ဝန်ကြီးဌာနအသီးသီးမှ အဖွဲ့ဝင် ၃၂ ဦး တက်ရောက်ခဲ့သည်။ **ကောင်းကောင်း(မြိတ်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ၊ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ် တို့နှင့် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်



နေပြည်တော် ဇူလိုင် ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီက တျန်းချီ (Dianchi) အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာရှိ အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၄) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ (ယာပုံ)

အဆိုပါ ဆွေးနွေးမှုတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှု အခွင့်အလမ်းများနှင့် အေးအတူ ပူအမျှ အသိုက်အဝန်း ဖော်ဆောင်ရေးကိစ္စ၊ အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်ခရီးစဉ်များ ပိုမိုပြုလုပ်သွားရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွား ဖော်ဆောင်နိုင်မည့် စီမံကိန်းများကို



ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေး ကိစ္စ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အပြုသဘော ဆက်လက်ကူညီသွားရေးကိစ္စ၊ မြန်မာ – တရုတ် နယ်စပ်ဒေသတစ်လျှောက် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပုံမှန်ပြန်လည် ပြုလုပ်သွားရေးကိစ္စတို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟိုင်းကန်းဥယျာဉ်ဟိုတယ် (Haigeng Garden Hotel) ၌ တရုတ်ပြည်သူ့ကွန်ဂရက် ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ် ဦးဆောင်သည့် ယူနန်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် မစ္စတာ ဝမ်ယွိပေါ် က မြန်မာကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး တက်ရောက်ရန် ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် အဖွဲ့ဝင်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) သို့ တက်ရောက်ရန် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ဘင်းမ်စတက် လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

နေပြည်တော်သို့ရောက်ရှိလာကြသော အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT တို့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက နေပြည်တော်



လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဘင်းမ်စတက် လုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများသည် ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့အတူ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက် မည့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် ဇူလိုင် ၂၂ ရက်နှင့် ဇူလိုင် ၂၃ ရက်တို့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြစ်ရေ နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အောက် တစ်ပေခွဲခန့် (၄၃ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ SPIC Yunnan International Power Investment Corporation သို့ သွားရောက်လေ့လာ



နေပြည်တော် ဇူလိုင် ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၂၄ ရက်က SPIC Yunnan International Power Investment Corporation သို့ သွားရောက်လေ့လာကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား SPIC ကုမ္ပဏီ ဥက္ကဋ္ဌ မစ္စတာ ဝူကျီးချွင်က ကြိုဆိုနှုတ်ဆက်ပြီး ၎င်းတို့ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မိတ်ဆက်ရှင်းလင်းသည်။

**ရှင်းလင်းတင်ပြ**

ထို့ပြင် မစ္စတာ ဝူကျီးချွင်နှင့် အဖွဲ့သည် ၎င်းတို့ကုမ္ပဏီက မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် စီမံကိန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် ဇူလိုင် ၂၅

၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇ်၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာပညာရှင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက (၂၅) ကြိမ်မြောက် ငွေရတု ဆိုသည့် ဝိသေသနှင့်အညီ ပြိုင်ပွဲကြီး၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ထူးခြားသည့် အစီအစဉ်များနှင့် စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ညှိနှိုင်းမှုများလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များကို တောက်လျှောက်လက်ဆင့်ကမ်းခဲ့ကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိကြသည့် ဝါသနာရှင် မျိုးဆက်သစ် လူငယ်များ၏ ကြိုးပမ်း အားထုတ်မှုတို့ကို အခြေခံပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို လူအား၊ ငွေအား၊ အချိန်များ ပံ့ပိုးပြီး စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း၊ အချိန်ကာလ တစ်ခုအထိ ရပ်နားခဲ့ရသည့် ပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ၂၀၂၂ ခုနှစ်ကစတင်ပြီး ပြန်လည်ဖော်ထုတ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၅) ကြိမ်မြောက် ငွေရတုတိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဆိုသည့် စကားရပ်ကိုအထူးပြုပြီး ကျင်းပပြုလုပ်သော ပြိုင်ပွဲဖြစ်ခြင်းကြောင့် ပြိုင်ပွဲနှင့် သက်ဆိုင်သူ အားလုံးတို့၏ ပြိုင်ပွဲကာလ အတွင်း နေထိုင်စားသောက်မှု၊ လှုပ်ရှားသွားလာမှု၊ ဝတ်စားဆင်ယင်မှု အရာအားလုံးတို့သည် အမျိုးသားရေး စရိုက်လက္ခဏာနှင့် ကိုက်ညီသည့် ပြုမူဆောင်ရွက်မှုတို့ဖြစ်စေရန် သတိထား ဆောင်ရွက်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံကြောင်း၊ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်က ပြိုင်ပွဲကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့မှ ပညာရှင်များက (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပရေးနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ကျင်းပပြုလုပ်မည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများက ယခင်နှစ်အားနည်းချက်၊ အားသာချက်များကိုသုံးသပ်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်သည်များကို အထူးဂရုပြုဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ချိတ်ဆက် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ဂျပန်-မြန်မာ-အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်းတို့ပူးပေါင်း၍ "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဂျပန်-မြန်မာ-အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း (JMASVTI) တို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်း၌ ကျင်းပသည်။




အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဂျပန်-မြန်မာ-အောင်ဆန်း သက်မွေးပညာ သင်တန်း ကျောင်း(JMASVTI) ကျောင်းအုပ်ကြီးဒေါက်တာရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ စကားဝိုင်းတွင် ကော်မရှင်အဖွဲ့ဝင်က ကျောင်းသားလူငယ်များအနေဖြင့် အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုများ မှန်ကန်စေရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းစေရန် ရည်ရွယ်ပြီး တက္ကသိုလ်/ကောလိပ်များတွင် ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန်လိုအပ်ကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာအသုံးချ၍ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဂျပန် - မြန်မာ - အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း (JMASVTI) မှ ကျောင်းသား၊ ကျောင်းသူများက ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းကြပြီး ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည် ဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ရုံး မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Mr. Stephen Anderson နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Mr. Stephen Anderson နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် WFP က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် WFP အကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လှိုင်းဘွဲ့ ဇူလိုင် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို ကြိုးစားလေ့လာ သင်ယူသွားကြရန်နှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းနိုင်သည်အထိ ကြိုးစားလေ့လာ သင်ယူသွားကြရန် မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမ၌ သင်တန်းသူများ၏ လက်တွေ့ လေ့ကျင့် သင်ကြားနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။



ထို့နောက် ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရင်းဘိုင်း၊ ကူးဆိပ်-ငှက်ပျောတော-ထီးစထ-ရှမ်းရွာသစ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်အား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ ယင်းနောက် မြိုင်ကြီးငူ နန်းဦး ဘေးမဲ့တောရကျောင်းတိုက် ဦးစီးပဓာန နာယက ဒုတိယမြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တဉာဏိကအား သွားရောက် ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင် (EFI) သင်တန်းများတွင် ဘာသာရပ်အလိုက်သင်ခန်းစာ လက်တွေ့လေ့ကျင့် သင်ကြားနေမှုနှင့် သင်တန်းသားများ၏ နေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးမှူးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ဘားအံ) နှင့် လူငယ်သင်တန်းကျောင်း (ဘားအံ) တို့သို့ သွားရောက်၍ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ လေ့လာရေးအဖွဲ့ နေပြည်တော်ရှိ ဆီထွက်ပဲပုပ်မျိုး ခုနစ်မျိုး သုတေသနစမ်းသပ်ကွက်များ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း (ရန်ကုန်) မှ တာဝန်ရှိသူများ ပါဝင်သောလေ့လာရေးအဖွဲ့နှင့် အတူ ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲစိုက်ကွင်း၌ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသည့် သီးနှံ အထွက်နှင့် ဆီထွက်ရာခိုင်နှုန်း မြင့်မားပြီး စာသုံးဆီအရည်အသွေး ကောင်းမွန်သော ပဲပုပ်မျိုး ခုနစ်မျိုး၏ သုတေသန စမ်းသပ်ကွက်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။ (အောက်ပုံ)



ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် တောင်သူများ ဝင်ငွေတိုးစေရန်အတွက် သီးလှည့်စိုက်စနစ်တစ်ခုဖြစ်သည့် စပါးအပြီး မတ်ပဲသီးနှံပုံစံတွင် မတ်ပဲကိုနှစ်စဉ်စိုက်ပျိုးလာရာ ပိုးနှင့် ရောဂါထူပြောလာသည့်အတွက် မတ်ပဲအစား ပဲပုပ်သီးနှံကို အစားထိုးစိုက်ပျိုးစေလိုကြောင်း၊ ပဲပုပ်သီးနှံ အောင်မြင်စွာ စိုက်ပျိုးရာတွင် မျိုးစေ့လတ်ဆတ်မှုသည် အဓိကကျသဖြင့် မိုးပဲပုပ်နှင့် ဆောင်းပဲပုပ်မျိုးဖလှယ်နေရန် လိုအပ်ချက်ရှိသဖြင့် မိုးရာသီတွင် ပဲပုပ်မျိုးစေ့ထုတ်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပဲပုပ်သီးနှံသည် ရေဝပ်သည့်ဒဏ် ခံနိုင်ဆုံးသော ပဲဖြစ်သဖြင့် မိုးရာသီတွင် စိုက်ပျိုး၍ ရနိုင်ကြောင်း၊ စားသုံးဆီကဏ္ဍ ဖူလုံရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် တောင်သူကိုယ်တိုင်ပါဝင်သည့် ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်မှု ဖွံ့ဖြိုးလာစေရန် ကူညီဆောင်ရွက်ပြီး နေပြည်တော်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

အဆိုပါ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်တွင် တောင်သူများ လက်ရှိစိုက်ပျိုးနေကြသည့် ပဲပုပ်မျိုးများဖြစ်သည့် သီပေါ၊ ချင်းမိုင်-၆၀၊ ဗီယက်နမ်ခွံ့ဝါ၊ ရှမ်းဝါလုံးကြီး၊ SB-60၊ ရေဆင်း-၁၄ နှင့် ရေဆင်း-၁၅ စသည့်မျိုးများကို ပေါင်ကြီးတင်စိုက်စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသုတေသနဌာနစုကွင်း၌ စိုက်ပျိုးထားရှိသည့် ရေဆင်း - ၁၅ ပဲပုပ်မျိုး ဆင့်ပွားမျိုးစေ့ စိုက်ခင်းနှင့် မျိုးစပ်မွေးမြူထားသည့် သက်လတ်အရည်အသွေးကောင်း ပဲပုပ်မျိုးများ ဒေသအဆင့် ယှဉ်ပြိုင်ခြင်း စမ်းသပ်ကွက်များကို ကွင်းဆင်းကြည့်ရှုလေ့လာကြပြီး ဒုတိယဝန်ကြီးက တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်သော ပဲပုပ်မျိုးစေ့ထုတ်လုပ်မှု စီမံချက်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ချက်များကို သုတေသီများနှင့် ဌာနတာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME အားပေးစို့

မြဦး(စက်မှု)

ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးသက်ရောက်မှုနှင့် နည်းပညာအလျင်အမြန်ပြောင်းလဲလာမှုများကြောင့် ယခင်ကာလများထက်ပို၍ MSME များသည် ငွေကြေးအရင်းအနှီး၊ ဒစ်ဂျစ်တယ်အသုံးချမှုစွမ်းရည်များ၊ အဆင့်မြင့်စက်ကိရိယာများနှင့် နည်းပညာများ၊ ကျွမ်းကျင်လုပ်သားများ၊ စီးပွားစီမံခန့်ခွဲမှုနည်းစနစ်များ၊ သတင်းအချက်အလက်များ၊ ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်ရေး အစီအမံများပံ့ပိုးပေးရန် လိုအပ်လာခြင်းနှင့်အတူ လုပ်သာကိုင်သာရှိစေရန် ဖန်တီးပေးထားသော စီးပွားရေးဝန်းကျင်ကောင်းများ ပိုမိုလိုအပ်လာသည်ကို တွေ့ရှိရပါသည်။

### တိုင်းပြည်စီးပွားရေး နိုင်ငံအနှံ့တိုးတက်စေ

စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသောနိုင်ငံများတွင် ဖွံ့ဖြိုးမှုဖြစ်စဉ်များကို လေ့လာကြည့်ပါက နိုင်ငံ၏အခြေခံကျောရိုးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ကို မြှင့်တင်ဆောင်ရွက်ပေးမှုသည် အခြေခံအကျဆုံးလုပ်ငန်းစဉ် တစ်ခုဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်သည် တိုင်းပြည်စီးပွားရေးကို နိုင်ငံအနှံ့တိုးတက်စေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေလျက် ဆင်းရဲနွမ်းပါးမှုများကို လျှော့နည်းပပျောက်စေနိုင်ပါသည်။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ နည်းပညာ (Technology)၊ ကျွမ်းကျင်လုပ်သားများ (Skilled Worker)၊ သတင်းအချက်အလက်များ (Information)၊ အရင်းအနှီးများ (Investment)၊ စွမ်းအင်များ (Energy)၊ ဆန်းသစ်တီထွင်မှုများ (Innovation)၊ အခြေခံအဆောက်အအုံများ (Infrastructure) စသည့် သွင်းအားစုအမျိုးမျိုးကို အသုံးပြုရပြီး ၎င်းသွင်းအားစုများ အသုံးပြုမှုအခြေအနေများအပေါ် မူတည်၍ အရင်းအမြစ်အခြေပြု ကုန်ထုတ်လုပ်ငန်း၊ အရင်းအနှီးအခြေပြု ကုန်ထုတ်လုပ်ငန်း၊ လုပ်သားအခြေပြု ကုန်ထုတ်လုပ်ငန်း၊ နည်းပညာအခြေပြု ကုန်ထုတ်လုပ်ငန်းများဟူ၍ ခွဲခြားနိုင်ပါသည်။ အဆိုပါ ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်တို့မှာ အဓိက ပါဝင်နေကြောင်း တွေ့ရပါသည်။

### အခြေခံအကျဆုံးသော စီးပွားရေးလုပ်ငန်းစုများ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises) သည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပြီး ပုံစံအမျိုးမျိုးသော စီးပွားရေးစနစ်များတွင် အခြေခံအကျဆုံးသော စီးပွားရေးလုပ်ငန်းစုများ ဖြစ်ပါသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးမတည်ငြိမ်သည့် ကာလများ၌ပင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းကျောင်းပေးနိုင်စွမ်းရှိသည်ကို တွေ့ရှိရပါသည်။MSME လုပ်ငန်းများမှာ စားသုံးသူဈေးကွက်သို့ရောက်ရှိမည့် ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်လုံးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ပတ်သက်သူများဖြစ်ကြပြီး ၎င်းတို့ထဲတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ ထုတ်လုပ်သူများ၊ လက်ကားနှင့်လက်လီရောင်းချသူများ၊ သယ်ယူပို့ဆောင်ပေးသူများ၊ ဝန်ဆောင်မှုပေးသူများ စသည်တို့ပါဝင်ပါသည်။

MSME လုပ်ငန်းစုများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်ဆန်းသစ်မှုများ၏ အဓိကအရင်းအမြစ်များအဖြစ်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စွန့်ဦးတီထွင်လုပ်ငန်းစုများ၏ အစပြုရာနေရာအဖြစ်လည်းကောင်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးတည်ငြိမ်ရေးတို့ အတွက်လည်း အရေးပါသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လုပ်ငန်းအသစ်များ ဖြစ်ပေါ်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ လည်း ထပ်မံဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များမှတစ်ဆင့် နိုင်ငံအတွင်း ငွေကြေးလည်ပတ်စီးဆင်းမှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတစ်ရပ်ဖြစ်သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (Gross Domestic Product) တိုးတက်စေရန်လည်း အထောက်အကူပြုနိုင်ပါသည်။




### အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေးဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည့်အတွက် ကာလတို၊ ကာလရှည် မျှော်မှန်းချက်များဖြင့် စနစ်တကျဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် ဧပြီလတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ SMEs တွင် အသေးစား စီးပွားရေး လုပ်ငန်း (Micro Enterprises) ကို ထပ်မံဖြည့်စွက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) အဖြစ် စတင်သုံးနှုန်းခဲ့ပါသည်။

### အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ အာဆီယံ စီးပွားရေးအသိုက်အဝန်းကို အတူတကွ အကောင်အထည်ဖော်ရာတွင် ကဏ္ဍတစ်ခုဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဆောင်ရွက်ရန် အာဆီယံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Small and Medium Enterprise Working Group – ASEAN SMEWG) တွင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနက ၂၀၁၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံဆိုင်ရာ Focal အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ASEAN Coordination Committee on Micro, Small and Medium Enterprises – ACCMSME)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ပြီး အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Strategic Action Plan) အရ ပံ့ပိုးကူညီပေးရမည့်ကိစ္စရပ်များဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်များကို ထိရောက်စွာ ပံ့ပိုးနိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အေဂျင်စီရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ် အစည်းအဝေးများ ဆောင်ရွက်ခြင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း၊ အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) ဆိုင်ရာကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ခြင်းနှင့် MSME နှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အာဆီယံနိုင်ငံများမှ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ MSME ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းပေးခြင်း၊ ပြည်ပအဖွဲ့အစည်းများ၏ မေးမြန်းချက်များ၊ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးပြီး ရလဒ်များကို တင်ပြ၍ အတည်ပြုချက်ရယူနိုင်ရေးဆောင်ရွက်ခြင်း၊ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ Project ၊ Training ၊ Seminar ကျင်းပရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ MSME များအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် သင်တန်းများပေးခြင်း၊ နည်းပညာများပေးခြင်း၊ E–Market Platform များ ထူထောင်ခြင်း၊ International Supply Chain အတွင်း ဝင်ရောက်နိုင်အောင် ပံ့ပိုးပေးခြင်း၊ SME Member ကတ်များထုတ်ပေးခြင်း၊ MSME များ ငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိနိုင်ရေးအတွက် ချေးငွေဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းချိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇွန်လအထိ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ၂၂၃ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၈၅၃၆ ဦး၊ ဈေးကွက်မြှင့်တင်ခြင်းသင်တန်း ၁၀ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၉၅ ဦး၊ ငွေကြေးစီမံခန့်ခွဲမှုသင်တန်း ၄၃ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၆၈၁ ဦး၊ စွန့်ဦးတီထွင်မှုဆိုင်ရာ

*စာမျက်နှာ ၁၁ သို့*

**MSME လုပ်ငန်းစုများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်ဆန်းသစ်မှုများ၏ အဓိကအရင်းအမြစ်များအဖြစ်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စွန့်ဦးတီထွင်လုပ်ငန်းစုများ၏ အစပြုရာနေရာအဖြစ်လည်းကောင်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေး တည်ငြိမ်ရေးတို့အတွက်လည်း အရေးပါသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လုပ်ငန်းအသစ်များ ဖြစ်ပေါ်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ထပ်မံဖန်တီးပေးနိုင်စွမ်းရှိ**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မွေးမြူရေးဇုန်ဆောင်ရွက်မည့်နေရာအား ကွင်းဆင်းကြည့်ရှု

**ပင်းတယ ဇူလိုင် ၂၅**

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် နန်းကုန်းကျေးရွာ အုပ်စု ငဖိန်းအင်းတွင်းအတွင်း မွေးမြူရေးဇုန် စီမံကိန်းဆောင်ရွက်မည့်နေရာသို့ ဇူလိုင် ၂၃ ရက်က ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



မွေးမြူရေးဇုန် စီမံကိန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက မြေယာ၊ လျှပ်စစ်မီး၊ ရေ၊ လမ်း စသည့်ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ မွေးမြူရေးဇုန် ဆောင်ရွက်မည့် မြေနေရာအား ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပင်းတယ (ကျုံး) စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းသို့ သွားရောက်ရာကျောင်းရှိ လက်တွေ့ဆောင်ရွက်မည့် စက်မှုခန်း၊ စိုက်ပျိုးရေးခန်းတို့ကို လှည့်လည်ကြည့်ရှု၍ စက်မှုပထမနှစ်၊ စိုက်ပျိုး ပထမနှစ် စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

ယင်းနောက် MSME ထုတ်ကုန်ဖြစ်သော အသေးစား၊ အလတ်စား၊ အငယ်စားလုပ်ငန်း ဖြစ်သည့် ပင်းတယမြို့နယ်တွင် ဦးခွန်သာဝင်း၊ ဖြိုးတံဆိပ်ဖြင့် ဆီကြိတ်စက်၊ အမှုန့်ကြိတ်စက်၊ အမေ့အိမ် ဆေးဖက်ဝင် ခါတ်စာလုပ်ငန်းနှင့် မြကျောက်လက်ဖက်ခြောက် လုပ်ငန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

*စာမျက်နှာ ၁၀ မှ*

သင်တန်း ၄၄ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၃၂၈ ဦး၊ နည်းပညာလွှဲပြောင်းခြင်းသင်တန်း ၉၆ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၃၉၄၀၃ ဦး၊ အလုပ်ရုံဆွေးနွေးပွဲများ/ ဟောပြောပွဲများ ၁၅၁ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၂၈၉၆ ဦး၊ သတင်းအချက်အလက်နည်းပညာ ဖြန့်ဝေခြင်းသင်တန်း ၂၅ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၂၅၈၇ ဦး စုစုပေါင်း သင်တန်း/ ဆွေးနွေးပွဲ ၆၀၂ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၆၆၆၂၆ ဦးအား နည်းပညာပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ဒေသတွင်းရှိ စီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အဖွဲ့ဝင် ၂၃ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများက ဒုတိယဝန်ကြီးများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အဖွဲ့ဝင် ၄၂ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ အထောက်အကူပြုအဖွဲ့များ အနေဖြင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တွင် အဖွဲ့ဝင် ၁၇ ဦးဖြင့်လည်းကောင်း၊ MSME အေဂျင်စီအဖွဲ့တွင် အဖွဲ့ဝင် ၂၄ ဦးဖြင့်လည်းကောင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းထားရှိပါသည်။

### စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီး

MSME များသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပြီး အလုပ်လက်မဲ့နှုန်းကျဆင်းစေရန် အဓိကဆောင်ရွက်ပေးလျက်ရှိပါသည်။ MSME များ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရာတွင် အထောက်အကူပြုစေရန်အတွက် နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)၊ မူဝါဒ (၂၀၁၅) နှင့် နည်းဥပဒေများ (၂၀၁၆) တို့ကို ရေးဆွဲ၍ စက်မှုဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးအကောင်အထည်ဖော်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုဝန်ကြီးဌာနသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Capacity Building Training သင်တန်းပေါင်း ၃၂၆၅ ကြိမ် ပံ့ပိုးပေးခဲ့ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSME လုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် Regional Action Plan ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ငွေကြေးအရင်းအနှီးများရရှိစေရန် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေပံ့ပိုးပေးခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှု

MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ် စသည့်အဓိက(၄)ချက် ပြည့်စုံရန်၊ MSME များ ဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်းစားရာတွင် ကုန်ကြမ်းသေချာရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ရန်၊ MSME လုပ်ငန်းများ အားပေးမြှင့်တင်ခြင်း၏ အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှု၊ တစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကိုမြှင့်တင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်၊ MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်၊ MSME လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးအပိုင်းသည်လည်း များစွာအရေးပါပြီး မိမိတို့နိုင်ငံ၏ အနေအထားအရ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေး ပီပြင်လာစေရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှုပြုထားပါသည်။

လေ့လာမှုများအရ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းမှာ MSMEများဖြစ်ကြပြီး အလုပ်အကိုင်များ၏ ၅၀ ရာခိုင်နှုန်းကျော်ကို MSME များက ဖန်တီးပေးထားကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၌ ပါဝင်သော လုပ်ငန်းအရွယ်အစားများတွင် ၂ ရာခိုင်နှုန်းသာ အကြီးစားလုပ်ငန်းဖြစ်ပြီး ၉၈ ရာခိုင်နှုန်းမှာ MSME လုပ်ငန်းများဖြစ်သည်။ မြို့ပေါ်ရှိ MSME လုပ်ငန်းများထက် ကျေးလက်ဒေသ၌ Micro Enterprises ခေါ်သော ဝန်ထမ်း ၁၀ ယောက်အောက်ရှိ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများက ပိုမိုများပြားပါသည်။

### မြန်မာ MSME များ၏ အားသာချက်

စီးပွားရေးပညာရှင်များ၏ လေ့လာချက်အရ မြန်မာ MSME များ၏ အားသာချက်မှာ ပြောင်းလဲနေသော ဈေးကွက်အခြေအနေပေါ်မူတည်၍ လျင်မြန်စွာပြုပြင်ပြောင်းလဲတုံ့ပြန်နိုင်ခြင်း၊ တီထွင်ကြံဆမှုရှိခြင်း၊ လုပ်အားစရိတ်နှင့် ဝန်ဆောင်မှုစရိတ်သက်သာခြင်း၊ နေရာအနှံ့အပြားတည်ရှိနိုင်ခြင်း၊ ဈေးကွက်တုံ့ပြန်မှုအရ ထုတ်လုပ်မှုပုံစံပြောင်းလဲခြင်းတို့ကို လုပ်ငန်းကြီးများထက် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်သည်။ MSME များသည် နေရာအနှံ့အပြားတွင် တည်ရှိခြင်းကြောင့် ခွဲဝေဖြန့်ဖြူးမှုပြုလုပ်ရာတွင် လုပ်ငန်းကြီးများနှင့်နှိုင်းယှဉ်လျှင် အကျိုးကျေးဇူးပိုရှိကြောင်း တွေ့ရှိရသည်။ လူနေထူထပ်သောနေရာများတွင် MSME များသည် မြို့ကြီးများအတွင်း အခြေမစိုက်ဘဲ မြို့ပြအပြင်ဘက် ဆင်ခြေဖုံး စသည့်နေရာများတွင် တည်ရှိသောကြောင့် လူနေထူထပ်သည့် မြို့ပြတွင် အခြေစိုက်သည့် လုပ်ငန်းကြီးများထက် ရင်းနှီးမြှုပ်နှံမှုစရိတ်များစွာ သက်သာကြောင်း တွေ့ရှိရသည်။

MSME လုပ်ငန်းများသည် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်၌နေထိုင်ကြပြီး ကျေးလက်စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံပြီး ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်သည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် စက်မှုသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါး၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော်နှင့် တိုင်းရင်းဆေးပစ္စည်းများထုတ်လုပ်သည့် ပရဆေးပင်များကို စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိကစားသုံးသော အသားငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူကြပါသည်။ အဆိုပါ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အခြေခံကုန်ပစ္စည်းများ (Primary Goods) ကိုသာမက မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ သစ်ပင်သစ်တောထွက်ပစ္စည်းများ၊ သံမဏိ၊ ကျောက်မီးသွေး၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ခဲမဖြူ၊ အဖြိုက်နက် စသည့်သယံဇာတများကို MSME များက တီထွင်ဆန်းသစ်သော အမြင်ဖြင့် ပြည်တွင်းပြည်ပဈေးကွက်ဝင်သော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် အလွန်အကျိုးရှိနိုင်မည်ဖြစ်ပါသည်။

### ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်သောကြောင့် ၎င်းတို့တိုးတက်လာစေရန် မူဝါဒများချမှတ်ဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သော စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် MSME များအတွက် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရန် လိုအပ်သည့်အထောက်အပံ့များ ပံ့ပိုးဆောင်ရွက်ပေးခြင်းများကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ MSME ထုတ်ကုန်များ ဆန်းသစ်တီထွင်လာနိုင်စေရန်နှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ တိုးတက်အောင်မြင်လာစေရန် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နည်းပညာ၊ ဈေးကွက်နှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ထိုသို့ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များသည် ဆန်းသစ်သော ပြည်တွင်းပြည်ပပို့ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ထုတ်ကုန်များကို E-Market Platform များပေါ်တွင် ရောင်းချခြင်းဖြင့် ဈေးကွက်ဝေစုပိုမိုရရှိလာနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုရှင်သန်အောင်မြင်လာမည်ဖြစ်ပါသည်။ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံ့စီးပွားတိုးတက်စေရန် MSME လုပ်ငန်းများအား အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

- မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း
- စက်မှုဝန်ကြီးဌာန၏ နှစ် (၈၀) ပြည့်မဂ္ဂဇင်း

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အားလည်းကောင်း၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အား လည်းကောင်း**(ယာပုံ)**၊ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အားလည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။



ထို့အတူ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယမန်နေ့က အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire အား လည်းကောင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အားလည်းကောင်း **(ဝဲပုံ)** သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။



### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း၊ ဒေသတွင်း ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲလာမှု အခြေအနေနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မန္တလာတက္ကသိုလ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသားကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာတက္ကသိုလ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်တို့ တက်ရောက် အားပေးသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် မုခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဆန်း၊ မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်စန်းစန်းဝင်းနှင့် အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပရာ မန္တလာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး "စာပဒေသာ ဝေဆာစေမည်" Video Clip ကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်စန်းစန်းဝင်းက စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လက်ခံရယူသည်။

ဆက်လက်ပြီး စာရေးဆရာမ မေမြတ်လင်း (တိုင်ပင်ဖော်)က မန္တလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ဆေးဝါးတက္ကသိုလ်တို့အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။



ယင်းနောက် မန္တလာတက္ကသိုလ်မှ အနုပညာအသင်းဝင် ကျောင်းသား ကျောင်းသူများက "ပညာဝေဖြာမန္တလာ" သီချင်းဖြင့်လည်းကောင်း၊ စကားရည်လုပွဲ (final) ယှဉ်ပြိုင်ခြင်း၊ မန္တလာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်သို့ မန္တလေးမြို့ရှိ တက္ကသိုလ် ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာ၍ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး၏ အစီအစဉ်များ သတ်မှတ်ခြင်း၊ အစီရင်ခံစာများအတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသတွင်း အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တန်ပြန်တိုက်ဖျက်ရေး မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အကြိုညှိနှိုင်း အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် အတွင်းရေးမှူးချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# အိမ်ထောင်စုအများအပြား ကျပ်တည်းနေသည့်အချိန်တွင် တစ်နာရီလုပ်ခကို ဂျပန်စံချိန်တင် တိုးမြှင့်မည်

**တိုကျို ဇူလိုင် ၂၅**

အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် အိမ်ထောင်စုအများအပြား ကျပ်တည်းနေသည့်အချိန်တွင် ပျမ်းမျှတစ်နာရီလုပ်ခကို စံချိန်တင်တိုးမြှင့်ပေးရန် ဂျပန်အစိုးရအကြံပေးအဖွဲ့တစ်ဖွဲ့က သဘောတူခဲ့သည်။

တစ်နိုင်ငံလုံးအဆင့် တစ်နာရီလုပ်ခကို ပျမ်းမျှယန်း ၅၀ တစ်နည်းအားဖြင့် ၅ ရာခိုင်နှုန်းခန့် စံချိန်တင်တိုးမြှင့်ရန် အဆိုပါအဖွဲ့က အဆိုပြုထားသည်။ ထို့ကြောင့် ယခုဘဏ္ဍာနှစ်အတွက် တစ်နာရီလျှင် ၁၀၅၄ ယန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀ ခန့် ရရှိမည်ဖြစ်သည်။

ဝင်ငွေနည်းအလုပ်သမားများအပေါ် ငွေကြေးဖောင်းပွခြင်း၏အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားခဲ့သည်ဟု အဆိုပါအဖွဲ့က ပြောသည်။ လုပ်ငန်းရှင်တချို့သည် မြင့်တက်လာသည့် ကုန်ကျစရိတ်များကို ကာမိရန် ကြိုးစားရန်းကန်နေရကြောင်း အဆိုပါအဖွဲ့က မှတ်ချက်ချခဲ့သည်။

အဆိုပါအဆိုပြုချက်သည် အောက်တိုဘာလတွင် စတင်အကျုံးဝင်လာမည်ဖြစ်သည်။

ဂျပန်အလုပ်သမားဝန်ကြီးဌာနသည် အဆိုပါအဖွဲ့၏အကြံပြုချက်အပေါ် အခြေခံပြီး အနည်းဆုံးလုပ်ခအဆင့်ကို ခရိုင်အလိုက်သတ်မှတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# အာကာသနည်းပညာကို မြှင့်တင်ရန် အိန္ဒိယ ရူပီး ၁၀ ဘီလီယံ ရန်ပုံငွေ ထူထောင်သွားမည်

**နယူးဒေလီ ဇူလိုင် ၂၅**

ကြီးထွားလာသည့်ကမ္ဘာလုံးဆိုင်ရာ အာကာသဈေးကွက်ကို အမြဲစောင့်ကြည့်ခြင်းဖြင့် အာကာသနည်းပညာကို မြှင့်တင်ရန်အတွက် အိန္ဒိယနိုင်ငံသည် ရူပီး ၁၀ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၁၉ သန်းတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေကို ထူထောင်သွားမည်ဟု ပြောကြားလိုက်သည်။

ဘဏ္ဍာရေးဝန်ကြီး နာမလာဆီသာရာမန်က အင်္ဂါနေ့က ကျင်းပသော ဘတ်ဂျက်အစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ လာမည့် ၁၀ နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ အာကာသစီးပွားရေးကို ငါးဆချဲ့ထွင်ရန် အလေးပေးထားကြောင်း ၎င်းက ပြောကြားထားသည်။

အိန္ဒိယသည် ကမ္ဘာ့အာကာသစီးပွားရေး၏ နှစ်ရာခိုင်နှုန်းခန့်ရှိသည့် နိုင်ငံ့အာကာသလုပ်ငန်းကို တွန်းအားပေးရန် မူဝါဒအသစ်များကို မကြာသေးမီက ချမှတ်ခဲ့သည်။

အစိုးရသည် ပုဂ္ဂလိက ကဏ္ဍကို အာကာသလုပ်ငန်းတွင် ပါဝင်ရန် ခွင့်ပြုထားသည်။



အစိုးရသည် ဂြိုဟ်တုစနစ်များ ထုတ်လုပ်ရေးတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အပြည့်အဝရရှိရန် ယခုနှစ်အစောပိုင်းက သဘောတူခဲ့သလို ဂြိုဟ်တုများ လွှတ်တင်ရေးအတွက် စည်းမျဉ်းများကိုလည်း ဖြေလျှော့ပေးခဲ့သည်။

ယမန်နှစ်က အိန္ဒိယနိုင်ငံသည် လ၏တောင်ဝင်ရိုးစွန်းအနီးတွင် မောင်းသူမဲ့အာကာသယာဉ်ကို အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။

ချန်ဒရာယမ်-၃ သည် လမျက်နှာပြင်ပေါ် ဆင်းသက်ခဲ့ပြီးနောက် ၎င်း၏သေးငယ်သည့် ရွေ့လျားစက်ရုပ်သည် ပုံမှန်မဟုတ်သော ညီညာမှုမရှိသည့် မြေပြင်တွင် ထူးဆန်းအံ့သြဖွယ်စိန်ခေါ်မှုများနှင့် ပြည့်နေသည့်နေရာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်း၏ လေဆာကိရိယာများသည် ဆာလဖာပါဝင်မှုကို အတည်ပြုခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၄၀ ပြည့်နှစ်တွင်လပေါ်သို့ အာကာသယာဉ်မှူးများကို ထားရှိရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဆောင်းရာသီအားကစားပြိုင်ပွဲ အိမ်ရှင်နိုင်ငံများကို အိုင်အိုစီ ကြေညာ

**ပါရီ ဇူလိုင် ၂၅**

နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ) က ဆောင်းရာသီအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပကြမည့် နိုင်ငံနှစ်နိုင်ငံ၏အမည်များကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပမည့် နွေရာသီအားကစားပြိုင်ပွဲမတိုင်မီကြေညာခဲ့သည်။

၂၀၃၀ ပြည့်နှစ်အတွက် ဆောင်းရာသီအားကစားပြိုင်ပွဲကို ပြင်သစ်နိုင်ငံ အဲ့လ်ပတ်တောင်တန်းတွင် ကျင်းပမည်ဖြစ်ပြီး ၂၀၃၄ ခုနှစ်အတွက် အားကစားပြိုင်ပွဲကို အမေရိကန်နိုင်ငံ စော့လိတ်မြို့တွင် ကျင်းပမည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် နှင်းအားကစားများတွင် သက်ရောက်မှုရှိမည်ကို အိုင်အိုစီမှ အရာရှိများက စိုးရိမ်နေကြသည်။

ထို့ကြောင့် ဇူလိုင် ၂၄ ရက်က သမိုင်းကိုချိုးဖောက်၍ အိမ်ရှင်နိုင်ငံနှစ်နိုင်ငံကို တစ်ပြိုင်တည်း ကြေညာခဲ့ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံမှ ပွဲစီစဉ်သူများသည် ရွေးကောက်ပွဲ ကာလအတွင်း မသေချာမှုများနှင့် ရင်ဆိုင်ခဲ့ရပြီး လုံလောက်သည့် ဘဏ္ဍာရေးအာမခံချက်မျိုး မပေးနိုင်ခဲ့ချေ။ အောက်တိုဘာလတွင် ၎င်းတို့၏ ဘဏ္ဍာရေး ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က လက်ရှိအိမ်ရှင်အဖြစ် လျှောက်ထားမှုကို အကူအညီပေးခဲ့သည်။ ပြင်သစ်နိုင်ငံသည် အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသည့် အစဉ်အလာများရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

စော့လိတ်မြို့မှ တာဝန်ရှိသူများသည် ၂၀၀၂ ခုနှစ်က ဆောင်းရာသီ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံကြောင့် ပျက်ပြားခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ရွှံ့မြေပြိုမှုကြောင့် နှစ်ဦးပျောက်ဆုံး

**လင်ကျန်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ပြည်နယ် ကျီလင်တွင် ဇူလိုင် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြီးမားသည့်ရွှံ့မြေပြိုမှုဖြစ်ပွားခဲ့ရာ နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဇူလိုင် ၂၅ ရက်တွင် အာဏာပိုင်များက ပြောသည်။

လင်ကျန်းမြို့ နာအိုကျီ မြို့နယ်တွင် ဇူလိုင် ၂၄ ရက် ညနေ ၆နာရီ မိနစ် ၂၀ ဝန်းကျင်က ရွှံ့မြေပြိုမှုဖြစ်ပွားခဲ့ပြီး နှစ်ဦး ရေထဲသို့ပြုတ်ကျသွားခဲ့သည်။ ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီဝန်းကျင်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နှစ်နာရီကြာမိုးရွာသွန်းမှုကြောင့် မိုးရေချိန် ၉၆ ဒသမ ၈ မီလီမီတာတိုးလာကြောင်း မြို့တော်ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုကာကွယ်ဆယ်ရေးဌာနက ပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ဆဲဖြစ်သည်။ လက်ရှိတွင် ဒေသခံ ၁၂၅ ဦးကို သဘာဝဘေးခံစားရမှုကြောင့် ပြောင်းရွှေ့ပေးထားရကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် သေဆုံးသူ ၂၁ ဦးအထိရှိလာ

**မနီလာ ဇူလိုင် ၂၅**

တိုင်ဖွန်းမုန်တိုင်း ဂေမီနှင့်အတူ အနောက်တောင်မုတ်သုံလေတိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရာသေဆုံးသူ ၂၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ရဲဌာနက ဇူလိုင် ၂၅ ရက်တွင်ပြောသည်။ ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာတွင် ခုနစ်ဦးသေဆုံးခဲ့ကြောင်း ကနဦးအစီရင်ခံစာအရ သိရသည်။

သေဆုံးမှုအများစုမှာ ရေနစ်ခြင်း၊ မြေပြိုခြင်းနှင့် သစ်ပင်ပိခြင်း၊ ဓာတ်လိုက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ အနောက်တောင်မုတ်သုံလေနှင့် မုန်တိုင်းဂေမီတို့၏ သက်ရောက်မှုနှစ်ခုကြောင့် သေဆုံးသူစာရင်းကို ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ်အေဂျင်စီက အစီရင်ခံဖော်ပြခြင်း မရှိသေးချေ။

မုန်တိုင်းဂေမီသည် ဖိလစ်ပိုင်နိုင်ငံသို့ ယခုနှစ်အတွင်း တိုက်ခတ်သည့်တတိယအကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်ပြီး မြို့တော်မနီလာနှင့်အခြားသောဒေသများတွင် ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

နေရပ်မှပြောင်းရွှေ့လာရသည့်ဒေသခံများသည် ဇူလိုင် ၂၄ ရက် တစ်ညလုံးတွင် ဘုရားကျောင်းများ၊ တရားရုံးများ၊ စာသင်ကျောင်းများနှင့် အခြားသောယာယီရွှေ့ပြောင်းနေထိုင်ရေးစင်တာတို့တွင် နေထိုင်၍ ၎င်းတို့ဒေသတွင် ရေပြန်ကျမည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ရသည်။

**ဆင်ဟွာ**



# ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိ မီးလောင်ပျက်စီးသွားသော နေအိမ်များအား ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်



**မော်လမြိုင် ဇူလိုင် ၂၅**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ် တိုက်ခိုက်မှုများကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းကြောင့် မီးလောင်ပျက်စီးသွားသော အိမ်များအား ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ သာသနာ ၂၅၀၀ ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် အလှူရှင်များ၊ ဓမ္မသကျေးရွာရှိအိမ်ထောင်စုဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာအတွင်း လူနေအိမ်များ မီးလောင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကာ ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း၍ အနီးပတ်ဝန်းကျင် ကျေးရွာများ၌ တည်ငြိမ်အေးချမ်းနေပြီးဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့နေရပ်သို့ သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည်များကို အဘက်ဘက်မှ ဖြည့်ဆည်းပေးနိုင်ရေးအထူးအလေးထားဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးရွာနေပြည်သူများ၏ စားဝတ်နေရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အစားအသောက်၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ လိုလေသေးမရှိစေရေး ကူညီဆောင်ရွက်နိုင်ရေး ယခုကဲ့သို့ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့တို့မှ အတတ်နိုင်ဆုံး ကူညီထောက်ပံ့လျက်ရှိကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးအပြင် လျှပ်စစ်ဓာတ်အားများ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြရန်နှင့် ယခုလို ပါဝင်လှူဒါန်းပေးကြမှုများအပေါ် ကျေးဇူးအထူးတင်ရှိပါကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိ မီးလောင်ပျက်စီးသွားသော နေအိမ် ၃၈၀ အား ပြန်လည်တည်ဆောက်ရေးအတွက် တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ငွေကျပ်သိန်း ၃၈၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၃၈၀၀ စုစုပေါင်း ငွေကျပ် သိန်း ၇၆၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြရာ ကူညီရေးအဖွဲ့မှ ငြိမ်းချမ်းရေး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကေတုမာလာနှင့် ကူညီရေးအဖွဲ့ တာဝန်ရှိသူက လက်ခံရယူကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၃၈၀ အတွက် ငွေကျပ်သိန်း ၇၆၀၊ ပြည်နယ် ပြည်နယ်ဝန်ကြီးများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၁၀၄၈၅၂၈၀၊ အိမ်ထောင်စု ၃၈၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၃၈၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၇၄၈၃၆၈၀ ထောက်ပံ့ငွေများ၊ အလှူရှင် ဦးလှထွန်းက အိမ်မိုးသွပ်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀၊ အခြား အလှူရှင်များနှင့် ဌာနဆိုင်ရာများမှ အိမ်ဆောက်ပစ္စည်းအတွက် စုစုပေါင်း လှူဒါန်းငွေကျပ် သွပ်ဖိုးငွေ ၂၂၀၂၈၅၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ကူညီရေးအဖွဲ့မှ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဆရာတော်များက မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိ မီးလောင်ပျက်စီးသွားသော အိမ်များအား ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြမှုအပေါ် ကျေးဇူးတင်စကားပြန်လည် မြွက်ကြားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဓမ္မသကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံ အားပေးနှုတ်ဆက်ကြကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မော်လမြိုင်သတင်းဌာနခွဲ**

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း (နေပြည်တော်) ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အရာရှိများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးနှင့် ပတ်သက်၍ လိုအပ်သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်းက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆရာ ဆရာမများ သင်ကြားမှုစွမ်းရည်မြှင့်တင်ပေးနိုင်မှု အခြေအနေများ၊ ပုဂ္ဂလိကကျောင်းများအစား အခြေခံကျောင်းများတွင် တက်ရောက်စေပြီး အဆင့်မီစွာ သင်ကြားပေးနိုင်မည့် အခြေအနေနှင့် ဆရာ ဆရာမများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ မေးခွန်းပုံစံ ဖြေဆိုနည်းနှင့် အမှတ်ပေးစည်းမျဉ်းများအား ကျောင်းသား ကျောင်းသူများ ကြိုတင်သိရှိနားလည်သဘော ပေါက်စေရေးအတွက် ကျောင်းများတွင် ဘာသာရပ်ကျွမ်းကျင် ဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ခေါ်၍ ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းစာသင်ခန်းအတွင်း အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးပြီး အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ပညာရည်စစ်ဆေးတိုင်းတာခြင်းနှင့် တတ်မြောက်မှုအကဲဖြတ်ခြင်း ဆောင်ရွက်နေမှု အခြေအနေများ၊ ဗလငါးတန်ပြည့်ဝ၍ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်သည့် စံပြကျောင်းများ ဖြစ်စေရေး မိဘ၊ ဆရာ၊ ကျောင်းသားများမှ ကဏ္ဍပေါင်းစုံ ပါဝင်လိုက်နာလုပ်ဆောင်ရမည့် ကိစ္စရပ်များနှင့် သက်ဆိုင်ရာ မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီး/ ပြည်နယ်နှင့် အခြေခံပညာ ဦးစီးဌာနတို့မှ ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် အခြေအနေများအား သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် ဇူလိုင် ၂၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် ယမန်နေ့နံနက် ၁၀ နာရီက နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က သွေးလှူခြင်းသည် မွန်မြတ်သော လုပ်ငန်းဖြစ်ကြောင်းနှင့် သွေးလှူဒါန်ရခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ သွေးလှူဒါန်းသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးခဲ့ကာ သွေးအလှူရှင် တစ်ဦးချင်းစီအား ကြက်ဥများ၊ အားဖြည့်အဟာရ အချိုရည်များ ပေးအပ်သည်။

သွေးလှူဒါန်းမည့် ကျောင်းသား ကျောင်းသူများအား သွေးပေါင်တိုင်းတာခြင်း၊ သွေးဖောက် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး သွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ရာ အေသွေး ၁၄ လုံး၊ ဘီသွေး ၁၇ လုံး၊ အိုသွေး ၁၇ လုံး၊ အေဘီသွေး ၄ လုံး စုစုပေါင်း ၅၂ လုံး လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်"တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းနှင့် အမျိုးသား၊ အမျိုးသမီးများအား ညစ်ညမ်းမေးခွန်းများကို လိုက်လံမေးမြန်း၍ လူမှုကွန်ရက်စာမျက်နှာများ၌ ထုတ်လွှင့်ပြသသူ Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူတို့အား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့် ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်းအတူတကွ နားထောင်ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟိရိဩတ္တပ္ပတရားကင်းမဲ့သော ရိုက်ကူးထုတ်လွှင့်ပြသမှုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဆောင်ရွက်နေကြသည်ကို တွေ့ရှိပါသဖြင့် လူမှုကွန်ရက်စာမျက်နှာများ အပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်" တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ထို့ပြင် လိင်ဆက်ဆံမှုဆိုင်ရာညစ်ညမ်းမေးခွန်းများကို အမျိုးသား၊ အမျိုးသမီးများအား လိုက်လံမေးမြန်း၍ အီလက်ထရောနစ်ဆက်သွယ်ရေးနည်းပညာအသုံးပြုကာ လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူများကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)ဖြင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့မရဲစခန်း၌ သက်ဆိုင်ရာက အမှုဖွင့်လုစ်ထားရှိပြီး ဖြစ်ပါသည်။

သို့ပါ၍ ရုပ်ရှင်နှင့် ဗီဒီယိုကားများ၊ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး ဟိရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကျိုက်ထိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ ခြောက်ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ငါးဦးကိုလည်း ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာ အုပ်စု၊ ကျောက်တန်းကလေး ကျေးရွာ အနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပျဉ်းကတိုးကုန်းကျေးရွာမှ ပြည်သူ ခြောက်ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပိန္နဲကုန်းကျေးရွာမှ ပြည်သူ ငါးဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားထားသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ကျောက်တန်းကလေးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၈၀၀ ခန့် အကွာသို့ ရောက်ရှိစဉ် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာ အနီးတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခဲ့ရာ တရားမဝင်သယ်ဇာတများ တူးဖော်ရာတွင် အသုံးပြုမည့် ဘက်ဟိုးယာဉ် တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထိုသို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းများလည်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးအတွက် ပြည်သူများထံမှ အတင်းအဓမ္မ ငွေကြေးတောင်းခံခြင်း၊ မူးယစ်ဆေးဝါးများ ရောင်းချခြင်းနှင့် သဘာဝသယံဇာတများကို တရားမဝင်တူးဖော်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် အများပြည်သူကို ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

✻ ကျောဖုံးမှ

နောက် မန္တလေးဘက်ကလည်း လာကြတာများတယ်။ တခြားမြို့တွေက လာကြတာများတယ်" ဟု ဘုရားဖူးများ၏ ခရီးသွားလာရေးနှင့် ပတ်သက်၍ လိုက်လံဆောင်ရွက်ပေးသူ ကိုသန့်ဇင်က ပြောသည်။

**အခြားမြို့များသို့ ဆက်လက်လည်ပတ်**

လက်ရှိကာလမှာ မိုးရာသီဆိုသော်လည်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ရာသီဥတုအပူအအေးမျှတနေကာ သာယာသောကြောင့် လာရောက်သူများခြင်း ဖြစ်နိုင်ကြောင်းလည်း ၎င်းက သုံးသပ်သည်။ ယင်းအပြင် ပုဂံဒေသသို့ လာရောက်လည်ပတ်ဘုရားဖူးကြသည့် ခရီးသွားများမှာ ပုဂံဒေသမှတစ်ဆင့် အခြားမြို့များသို့ ဆက်လက်သွားရောက်လည်ပတ်မှုများလည်းရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ တချို့က ရန်ကုန်ကနေလာကြပြီး တချို့ကလည်း မန္တလေးကိုလည်ပတ်ဖို့ ဆက်ပြီးငှားကြတာတွေလည်း ရှိတယ်။ နောက်ပြီး တချို့ခရီးသွားတွေကလည်း တောင်ကြီး၊ အင်းလေးဘက်ကို ဆက်ငှားပြီး သွားရောက်လည်ကြတာတွေလည်း ရှိတယ်။ သွားတော့ သွားနေကြတာပဲဗျ" ဟု ကိုသန့်ဇင်က ဆက်လက်ပြောဆိုသည်။

**Thit Taw**

❍ ကျောဖုံးမှ

ကို ဖော်ဆောင်နိုင်ခဲ့သည်။

ပြင်သစ်အသင်း အတွက် သွင်းဂိုးများကို လာကာဇက်၊ အိုလစ်နှင့် ဘာဒီတို့က သွင်းယူပေးနိုင်ခဲ့သည်။ ပြင်သစ်၊ အမေရိကန်အသင်းတို့သည် ပါရီအိုလံပစ် ၂၀၂၄ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)၌ နယူးဇီလန်၊ ဂီနီအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ပြင်သစ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇူလိုင် ၂၈ ရက်တွင် ဂီနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမေရိကန်အသင်းက နယူးဇီလန်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်(၁) ကစားပြီးချိန်တွင် ပြင်သစ်အသင်းက နယူးဇီလန်အသင်းနှင့် ရမှတ် သုံးမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီခွဲတွင် အုပ်စု(ဃ) မှ မာလီ ယူ - ၂၃ နှင့် အစ္စရေး ယူ - ၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

❖ကျောဖုံးမှ

စတင်မည်ဖြစ်ပြီး မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် အုပ်စု (C)၌ ဂျပန်နိုင်ငံသူ ယာမာဂူချီ၊ ကနေဒါနိုင်ငံသူ မီချယ်လီတို့နှင့် ကျရောက်နေသည်။ အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ သက်ထားသူဇာသည် အုပ်စုအဖွင့်ပွဲအဖြစ် ဇူလိုင် ၂၇ ရက်တွင် ကမ္ဘာ့အဆင့် ၅ ရှိ ဂျပန်နိုင်ငံသူ ယာမာဂူချီနှင့် ကစားရမည်ဖြစ်သည်။

သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-BWF**

## မုတ်သုံလေအားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန် ကောင်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အမျ ားပြည်သူအနေဖြင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Shine Htet Phyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ကောင်စီ နယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်နေ သန့်ဇင်မျိုးအား မွန်းလွဲ ၃ နာရီခွဲတွင် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဝတီမြစ်ရေဝင်ရောက်ခဲ့သည့် ပြည်မြို့ရှိ မူလတန်းလွန်ကျောင်းအတွက် စာရေးကိရိယာများနှင့် အလှူငွေများထောက်ပံ့

**ပြည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ဇူလိုင် ၁၅ ရက်ကစ၍ ရေဝတီမြစ်ရေ မြင့်တက်ဝင်ရောက်ခဲ့သည့် နဝင်းရပ်ကွက် မြေနိမ့်ပိုင်းရှိ (နဝင်း)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ထိုသို့ထောက်ပံ့လှူဒါန်းခြင်းကို မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အိမ်ခြံမြေဝန်ဆောင်မှုအသင်းများနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်ခရိုင်၊ ပြည်မြို့နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်း အကျိုးဆောင်များ စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။ ယင်းသို့လှူဒါန်းရာတွင် ပြည်ခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးထင်ကျော်ဦးနှင့် အဖွဲ့ဝင်များက အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူပေါင်း ၂၈၆ ဦးအတွက် ဗလာစာအုပ် ၁၁၅၆ အုပ်၊ ခဲတံ ၅၀၄ ချောင်း၊ ဘောပင် ၁၅၂ ချောင်းတို့ကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီး ကျောင်းအတွက် လိုအပ်လျက်ရှိသော စာသင်ခုံများ ပြုပြင်ရန်အတွက် ထောက်ပံ့ငွေကျပ်လေးသိန်းကို မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေနှင့် ကျောင်းအုပ်ကြီး ဒေါ်စောယုမြင့်ထံသို့ ပေးအပ်လှူဒါန်းသည်။

ပြည်မြို့နယ်တွင် ရေဝတီမြစ်ရေ မြင့်တက်ဝင်ရောက်ခဲ့မှုကြောင့် နဝင်း(မူလွန်)ကျောင်းအပါအဝင် အ-လ-က(ဇလုံ)၊ အ-လ-က (ကုန်းသာလင်း)၊ ဖိုးခေါင်(မူလွန်)၊ ချောင်းနားတန်း(မူလွန်)၊ သဲဖြူ(မူလွန်)၊ အနောက်လက်ခုပ်ပင်(မူလွန်)၊ အ-မ-က (ဇီးကုန်း)နှင့် အ-မ-က (တောင်ကုန်း) ကျောင်းတို့တွင်လည်း အလားတူ ကူညီထောက်ပံ့မှုများ လိုအပ်လျက် ရှိနေသေးကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်၌ နွားနှင့် ဆိတ်မေထုန်မဲ့သားစပ်သင်တန်းဖွင့်

**မိတ္ထီလာ ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် နွားနှင့် ဆိတ်မေထုန်မဲ့သားစပ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄ မတလ) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က စက်မှုလယ်ယာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းကပြည်ထောင်စုနယ်မြေ (နေပြည်တော်) နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနများရှိ မြို့နယ်များမှ ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများအား မေထုန်မဲ့သားစပ်ခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် နည်းစနစ်ကျနမှန်ကန်သော မေထုန်မဲ့သားစပ်ကျွမ်းကျင်သူ အရေအတွက် တိုးပွားလာပြီး နိုင်ငံအနှံ့ မေထုန်မဲ့ သားစပ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မိတ္ထီလာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ထွန်းက နွားနှင့် ဆိတ်မေထုန်မဲ့ သားစပ်သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါသင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အထိ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ တိရစ္ဆာန် ကျန်းမာရေးလုပ်သား ၁၀၀ အား ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးခြင်းကြောင့် ရွှေကျင်မြို့နယ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

**ရွှေကျင် ဇူလိုင် ၂၅**

ရွှေကျင်မြို့နယ်၌ ဇူလိုင်၂၄ ရက် ညနေပိုင်းမှ ၂၅ ရက် နံနက်ပိုင်းအထိ မိုးရေချိန် ရှစ်လက်မထိရွာသွန်းပြီး မြစ်ရေများတစ်ရှိန်ထိုးတက်လာခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ရွှေကျင်မြစ်ရေမှာ ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီတွင် ၆၀၅ စင်တီမီတာရှိရာမှ ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီတွင် ၈၇၅ စင်တီမီတာသို့ ရောက်ရှိခဲ့သဖြင့် ၁၂ နာရီအတွင်း ၂၇၀ စင်တီမီတာ (ရှစ်ပေကျော်ခန့်)၊ ထို့အတူ စစ်တောင်းမြစ်ရေမှာလည်း ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီတွင် ၁၀၅၅ စင်တီမီတာရှိရာမှ ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီတွင် ၁၁၈၈ စင်တီမီတာသို့ရောက်ရှိခဲ့သဖြင့် ၁၂ နာရီအတွင်း ၁၃၃ စင်တီမီတာ (လေးပေခန့်) မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့မြစ်ရေကြီးမှုကြောင့် ရွှေကျင်မြို့နယ်အတွင်းရှိ ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၁၅ စုမှ အိမ်ထောင်စု ၁၂၀၀ ခန့်၊ လူဦးရေ ၄၅၀၀ ခန့်မှာ ရေဘေးသင့်ပြီး ၎င်းတို့အနက် အိမ်ထောင်စု ၇၅၀ ခန့်၊ လူဦးရေ ၃၀၀၀ ခန့်တို့အား ရွှေတောင်ဦးဘုရားစေတီ၊ Cyclone Shelter အားကစားခန်းမနှင့် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအား ကူညီကယ်ဆယ်ရေးနှင့် အစားအသောက်များ၊ ဆေးဝါးများထောက်ပံ့ခြင်းတို့ကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့နှင့် တပ်မတော်၊ ဌာနဆိုင်ရာများ၊ အလှူရှင်များပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ စာသင်ကျောင်း ၁၇ ကျောင်းကိုလည်း ယနေ့မှစ၍ ယာယီပိတ်ထားရကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**



# အားမာန်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းသို့ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးစရိတ် ပံ့ပိုးငွေများပေးအပ်

**မအူပင် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာရှိအားမာန်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၅၀ ၏ မိုးစပါးစိုက်ဧက ၃၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပံ့ပိုးငွေကျပ်သိန်း ၆၀၀ ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သက်ဆိုင်ရာအသင်းသို့ (ဒုတိယအကြိမ်) မိုးစပါးစိုက်ပျိုးစရိတ် ပံ့ပိုးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီမွှေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၅ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၃၅ ကျပ် | ၂၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃၈၆ | ၃၄၂၆၈၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၁၁၈၆၁ | ၄၁၃၆၀၄၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၉၈၂ | ၁၇၁၈၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၁၃ | ၅၈၅၇၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၂၀၅၉ | ၃၅၂၀၃၅၀ |
| AMATA | ၄၇၀၀ | ၄၈၀၀ | ၂၁၅ | ၁၀၁၀၈၀၀ |
| MAEX | ၃၅၅၀ | ၃၅၀၀ | ၅၁ | ၁၇၈၆၀၀ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/1209 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထွန်း ၇/ဝမန(နိုင်)၁၀၆၀၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/38472 ယာဉ်လက်ဝယ်ရှိသူ ဦးမိုဟာမက်ဟိုဇိုင်ဖာ (ခ)မင်းသူ ၉/မခန(ဧည့်)၀၀၀၁၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## R.I Institute
## နိုင်ငံခြားဒီပလိုမာ သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ R.I Institute ၏ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဒီပလိုမာ အစီအစဉ်များကို ၂၀၂၄၊ စလပိုင်းတန်းခွဲ အဖြစ် အောက်ဖော်ပြပါသင်တန်းများ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) Diploma in Information Technology (UK) သင်တန်း

(ခ) Diploma in Web Development (UK) သင်တန်း

၂။ အထက်ပါသင်တန်းများအတွက်

**စတင်ဖွင့်လှစ်သင်ကြားမည့်ရက်** - ၃-၈-၂၀၂၄ရက် (စနေနေ့)

**သင်တန်းရက်** - စနေ၊ တနင်္ဂနွေ

**သင်တန်းကာလ** - ၄ လ

၃။ သင်တန်းလျှောက်လွှာပုံစံများကို ၂-၈-၂၀၂၄ရက် နောက်ဆုံးထား၍ R.I Institute စီမံဌာနတွင် လျှောက်လွှာတင်သွင်းပေးရမည် ဖြစ်ပါသည်။

၄။ သင်တန်းဦးရေကန့်သတ်လက်ခံပါမည်။

၅။ သင်တန်းအသေးစိတ်ကို R.I Institute အမှတ် (၅)၊ ယုဇနလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ (ယုဇနပလာဇာအနီး) ဖုန်း-၀၉-၈၆၄၀၅၁၃၃၂၊ ၀၉-၂၆၂၆၂၀၇၅၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း အဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A4)၊ အခန်းအမှတ် (1223)၊ Type (A) ၊ Area (1185 ) sqft ရှိ တိုက်ခန်းနှင့် ၄င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စုဖြိုးဝေ ၁၀/မလမ(နိုင်) ၁၃၆၄၄၅ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာမြ (ခ) ဖိုးမွန်နီ**
**၅/ကလထ(နိုင်)၁၁၉၇၈၇**
**Ph-09-43207649**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၈၊ ဦးပိုင်အမှတ် (၃၈)၊ ၅၈x၅၉ လမ်းကြား၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းထွန်းအောင်၏ (SP ရရှိသူ ဦးကျော်ကျော်မိုး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၄၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇန်ဇန်မာ ၉/မရမ(နိုင်)၀၁၁၃၉၅က အမှုတွဲအမှတ် (၂၂၆၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

